**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ (၆/၂၀၂၂)**

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ ဧပြီလ ၅ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်စည်များတင်သွင်းမှုနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ အား လိုက်နာဆောင်ရွက်ရန် ထပ်မံအသိပေးကြေညာခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် လျှောက်ထားရာတွင်လွယ်ကူလျှင်မြန်မှုရှိစေရန်အတွက် အခက်အခဲအမျိုးမျိုးကြောင့် သွင်းကုန် လိုင်စင်၊ သွင်းကုန်ပါမစ်ခွင့်ပြုချက်မရမီ ကြိုတင်သဘောၤတင်ခဲ့ခြင်းကိုခွင့်ပြု၍ ယင်းတင်သွင်းသည့် ပစ္စည်းရန်ကုန်ဆိပ်ကမ်း၊ လေဆိပ်သို့ ဆိုက်ရောက်သည့်နေ့တွင် သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက် နောက်ဆုံးထားပြီးရရှိမည်ဖြစ်ပြီး၊ ယင်းနေ့အထိသွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြု ချက်မရရှိသေးပါက ကြိုတင်သဘောၤတင်သွင်းရောက်ရှိခြင်း (Valid for Prior Arrival) အဖြစ် သတ် မှတ်ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြင့် ယခင်ကခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။

၂။ သို့သော်လည်း ယင်းအစီအစဉ်ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်းကို အခွင့်ကောင်းယူပြီး အချို့လုပ် ငန်းရှင်များက ရန်ကုန်ဆိပ်ကမ်းသို့ ပစ္စည်းများရောက်ရှိမှသာ သွင်းကုန်လိုင်စင်လျှောက်ထားမှုများ ရှိလာသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၂-၁၀-၂၀၁၅ ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ် ၉၃/၂၀၁၅ ဖြင့် ထုတ်ပြန်ထားသည့် **"မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ် ထုံးလုပ်နည်းများ(၂၀၁၅)"** တွင် **"သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့်ပစ္စည်းများအတွက် ခွင့်ပြုချက် မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရ"** ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ထို့အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကအမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသည့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ် စေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၈-၇-၂၀၂၀ ရက်စွဲပါ အမိန့်ကြော် ငြာစာအမှတ် ၅၀/၂၀၂၀ ဖြင့် **"သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့်ကုန်ပစ္စည်းများအတွက် အကောက် ခွန်ကုန်လှောင်ရုံသို့ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြု ချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်းမရှိစေရ"**ဟု ပြင်ဆင်သတ်မှတ်ခဲ့ပြီး၊ အကောက်ခွန်ကုန်

လှောင်ရုံတွင် ထည့်သွင်းရန်အတွက်မဟုတ်ဘဲ ပြည်တွင်းသို့ တိုက်ရိုက်တင်သွင်းမှု နှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်များအား စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်း သောကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၄။ ယင်းသို့ ထုတ်ပြန်ထားသော်လည်းကုမ္ပဏီ၊ လုပ်ငန်းရှင်အချို့အနေဖြင့် လိုက်နာဆောင်ရွက် မှုမရှိဘဲ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများရောက်ရှိမှသာ သွင်းကုန်လိုင်စင်လျှောက်ထားမှုများ များပြားလာ သောကြောင့် ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာနှင့် ဆန့်ကျင်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် မလိုလားအပ်သောဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် သွင်းကုန်လိုင်စင်၊ သွင်း ကုန်ပါမစ်ခွင့်ပြုချက်ရရှိပြီးမှသာ သဘော်တင်ဆောင်ရွက်သင့်ပါကြောင်း၊ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ရောက်ရှိပြီးမှ သွင်းကုန်လိုင်စင်၊ ပါမစ်လျှောက်ထားသည့်ကိစ္စရပ်များကို (၂၀-၄-၂၀၂၂) ရက်နေ့မှစ၍ ခွင့်ပြုဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်/ ပါမစ်/ ခွင့်ပြု ချက်မရမီ ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက အမိန့်ကြော်ငြာစာအမှတ် ၅၀/ ၂၀၂၀ ပါ စည်းကမ်းသတ်မှတ်ချက်အတိုင်း ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**